ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# သဘောထားထုတ်ပြန်ချက်

၀၃ / ၂၀၁၄

ရက်စွဲ။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်

၁။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက် မွန်းလွဲ (၁၂း၃၆)နာရီအချိန်တွင် ကချင်ပြည်နယ်၊ ခယာဘွမ် အခြေစိုက် မြန်မာ့တပ်မတော် ခြေမြန်တပ်ရင်း (၃၈၉) တပ်ဖွဲ့မှ ဝိုင်ကျိုင်ဘွမ် (Woi Chyai Bum)၌ တည်ရှိနေသော ကချင်လွတ်လပ်ရေးတပ်မတော် KIA ၏ အရာရှိဗိုလ်လောင်းသင်တန်းကျောင်းအား (၁၀၅)မမ ဖြင့် ရည်ရွယ်ချက်ရှိရှိ ကြံရွယ်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရာရှိ (၂၃)ဦး ကျဆုံးခဲ့ပြီး၊ (၂၀)ဦး ထိခိုက်ဒါဏ်ရာ ရရှိသွားသည့် ဤသူရဲဘောကြောင်သည့်လုပ်ရပ်အား ညီညွတ်သောတိုင်းရင်းသား လူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)မှ ပြင်းထန်စွာ ရှုတ်ချလိုက်သည်။

၂။ ပြည်တွင်းငြိမ်းချမ်းရေးကို ရရှိရန်အတွက် ယုံကြည်မှု တည်ဆောက်ရေး ကြိုးပမ်းနေစဉ်ကာလမျိုးတွင် မြန်မာ့တပ်မတော်အနေဖြင့် စစ်ရေးအရ အလစ်အငိုက် ဖိအားပေးတိုက်ခိုက်နေမှုများသည် ငြိမ်းချမ်းရေးကို မြန်မာ့တပ်မတော်က အမှန်တကယ် လိုချင်သည့် စိတ်ရင်းစေတနာ ရှိ၊ မရှိဆိုသည်ကို မေးခွန်းထုတ်စရာ ဖြစ်စေပြီး၊ ယုံကြည်မှုတည်ဆောက်ရာတွင် အဟန့်အတား ကြီးမားစွာ ဖြစ်စေကြောင်း သတိချပ်စေလိုပါ သည်။

၃။ ဤပစ်ခတ်တိုက်ခိုက်မှုသည် ပြည်ထောင်စုလွှတ်တော်နာယက ဦးရွှေမန်း၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေအား လာမည့် ၂၀၁၅ ရွေးကောက်ပွဲအလွန်ကာလတွင်သာ ပြင်ဆင်မှုဖြစ်နိုင်မည်ဟု ထုတ်ပြန် ရှင်းလင်းမှုနှင့်လည်း တိုက်ဆိုင်နေသည်မှာ စစ်ရေးနိုင်ငံရေး ပူးပေါင်းကြံစီမှုတရပ်ဟုပင် ယူဆနိုင်ပေသည်။

၄။ သို့ဖြစ်ပါသောကြောင့် UNFC အနေဖြင့် တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် ပြည်သူတို့ လိုလားတောင့်တ နေသည့်ငြိမ်းချမ်းရေးဖြစ်စဉ်အား အတိမ်းအစောင်းဖြစ်စေသော၊ နှောင့်နှေးကြန့်ကြာစေသော၊ လမ်းလွှဲစေသော လုပ်ရပ်မှန်သမျှကို ပြတ်ပြတ်သားသား ဆန့်ကျင်သွားမည်သာ ဖြစ်ကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ


*ဆက်သွယ်ရန်*

*နိုင်ဟံသာ - ဒုတိယဥက္ကဋ္ဌ (၁) ဖုန်း - +66(0)80-503-0849*

*ခူဦးရယ် - အထွေထွေအတွင်းရေးမှူး ဖုန်း - +66(0)84-805-1344*

*ဗိုလ်မှူးကြီးခွန်ဥက္ကာ - တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) ဖုန်း - +66(0)81-950-2158*